ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန
ထုတ်ပြန်ချက် (၅/၂၀၂၆)
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

**စစ်အုပ်စုနှင့် ဆက်ဆံဆောင်ရွက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် စီးပွားရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ သဘောတူညီချက်များနှင့် စပ်လျဉ်းသည့် သဘောထားထုတ်ပြန်ချက်**

၁။ အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေများနှင့် ဆက်စပ်၍ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်အာဏာသိမ်း စစ်ခေါင်းဆောင်နှင့် မိတ်ဖက်သဘောဆောင်သည့် ဆက်သွယ်ကူးလူးဆက်ဆံဆောင်ရွက်မှုများ လုပ်ဆောင်ခြင်း၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုအသစ်များ ဆောင်ရွက်ခြင်း၊ စီးပွားရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ သဘောတူညီချက်များ ချုပ်ဆိုခြင်းတို့နှင့် ပတ်သက်၍ အောက်ပါအတိုင်း သဘောထားထုတ်ပြန်အပ်ပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ ဒေသတွင်း တည်ငြိမ်ရေးနှင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် အပြန်အလှန် လေးစားမှုအပေါ် အခြေခံသော ဆက်ဆံရေးကို အလေးထားပါသည်။

၃။ မြန်မာနိုင်ငံ၏ ရေရှည်တည်ငြိမ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် လုံခြုံစိတ်ချရမှုရှိစေရေးတို့သည် ပြည်သူလူထု၏ ဆန္ဒနှင့် ကိုက်ညီသော၊ တာဝန်ယူမှုနှင့် တရားဝင်မှုရှိသော အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်လာခြင်းအပေါ် မူတည်လျက်ရှိပါသည်။ အတုအယောင်ရွေးကောက်ပွဲကိုအခြေခံပြီး တရားဝင်မှု ရရှိရန်ကြိုးစားနေသည့် စစ်အုပ်စုကို အလေးပေးဆက်ဆံခြင်းသည် တိုင်းပြည်၏ လက်ရှိပြဿနာများ ပြေလည်စေရေးကို ဦးတည်ခြင်းမရှိဘဲ အကြမ်းဖက်စစ်အုပ်စု၏ အကြမ်းဖက်ရက်စက်မှုများကို ပိုမိုဆိုးရွားစေရန် အားပေးသကဲ့သို့ ဖြစ်စေပါသည်။

၄။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြည်သူများ၏ ကိုယ်ပိုင်အနာဂတ်ကို လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်၊ အချုပ်အခြာအာဏာ တန်းတူညီမျှမှုနှင့် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မပြုရေး အခြေခံမှုများကို လေးစားလိုက်နာရန် အရေးကြီးကြောင်းကိုလည်း အလေးအနက်ထား ထောက်ပြလိုပါသည်။

၅။ ထို့အပြင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ လူ့အခွင့်အရေးကို လေးစားမှုနှင့် သက်ဆိုင်ရာ ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ထည့်သွင်း စဉ်းစားမှုတို့အပေါ် အခြေခံ ဆောင်ရွက်သင့်ပါသည်။

၆။ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံအတွင်း စစ်အုပ်စုနှင့် ချုပ်ဆိုသည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များသည် ပြည်သူလူထု၏ကိုယ်စားပြုမှု၊ လုံလောက်သော အများပြည်သူဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ကြီးကြပ်စောင့်ကြည့်မှုတို့ ကင်းမဲ့လျက်ရှိရာ ဥပဒေရေးရာ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ အန္တရာယ်များ ဖြစ်ပေါ်နိုင်ကြောင်း သတိပြုစေလိုပါသည်။

၇။ အမျိုးသားညီညွတ်ရေးအစိုးရသည် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမိတ်ဖက် အားလုံးနှင့်အတူ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးတို့အပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုလျက်ရှိပြီး မြန်မာပြည်သူလူထု၏ ဆန္ဒ၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် ရေရှည်တည်ငြိမ်ရေးတို့ကို အထောက်အကူပြုမည့် ဆက်ဆံရေးများ တည်ဆောက်မြှင့်တင်သွားရန် အသင့်ရှိကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**အမျိုးသားညီညွတ်ရေးအစိုးရ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**